# ကမ္ဘာအနှံ့အပြားသို့

YR C
NO. 47

အလွတ်ကျမ်းချက်။ ။ တိမောသေဩဝါဒစာ ၂း၁၊ ၃၊ ၄

"ငါတို့သည် ဘုရားဝတ်၌ မွေ့လျော်ခြင်း၊ လျောက်ပတ်စွာ ကျင့်ခြင်းအမျိုးမျိုးကိုပြု၍၊ လူအမျိုးမျိုးတို့အဘို့ ဆုတောင်းပဌနာပြုခြင်း၊ မေတ္တာပို့ခြင်း၊ ကျေးဇူးတော်ကို ချီးမွမ်းခြင်းကို ရှေ့ဦးစွာ ပြုစေခြင်းငှါ ငါတိုက်တွန်းသွေးဆောင်၏။ အကြောင်းမူကား၊ ထိုသို့သောအမှုသည် ကောင်းသောအမှုဖြစ်၏။ ငါတို့ကိုကယ်တင်တော်မူသော အရှင်ဘုရားသခင်နှစ်သက်တော်မူသောအမှုလည်း ဖြစ်၏။ လူအပေါင်းတို့သည် ကယ်တင်ခြင်းသို့ရောက်၍ သမ္မာတရားကို သိစေခြင်းငှါ၊ ဘုရားသခင်အလိုတော် ရှိ၏။"





## တနင်္ဂနွေနေ့ | စိတ်ဆန္ဒရှိသောနှလုံးသားနှင့် ကျယ်ပြန့်စွာလွှမ်းမိုးမှု ၁

အသင်းတော်သည် ကြီးထွားလာသည်နှင့်အမျှ၊ သတ္တမနေ့မြော်လင့်ခြင်းယုံကြည်သူများသည် ဘုရားသခင်က သူတို့အား အလွန်ကြီးမားသောလုပ်ငန်းတစ်ခုကို လုပ်ဆောင်ရန် ပေးအပ်သည်ဟု စတင်နားလည်သိရှိခဲ့ကြသည်။ ကောင်းကင်တမန်သုံးပါး သတင်းစကားနှင့် "ထာဝရဧဝံဂေလိတရား" တို့သည် အနည်းငယ်သောလူများအတွက်ပဲလား ထိုသို့မဟုတ်ဘဲ လူတိုင်းအတွက်လား။ ဗျာဒိတ်ကျမ်း ၁၄း၆။ အလွန်ပင် တည်ကြည်အလေးအနက်ထားရမည့် တာဝန်တရားဖြစ်သည်။ ယေဇေကျေလအနာဂတ္တိကျမ်း ၃း၁၇-၁၉။ ၎င်းက ဘုရားသခင်သည် သူတို့နဲ့အတူရှိရန်နှင့် ကူညီရန်အတွက် ကတိတော်ပေးခဲ့သည်ကို သိရှိဖို့ရန် အားပေးတိုက်တွန်းနိုးဆော်ခြင်းဖြစ်ပါသည်။ ရှင်မဿဲခရစ်ဝင် ၂၈း၁၈-၂၀။ ဤအပတ်တွင် မြော်လင့်ခြင်းသာသနာလုပ်ငန်း၏ မတူညီသောအမျိုးအစားအချို့ကို အဘယ်သို့စတင်ခဲ့သည်ကို ကျွန်ုပ်တို့ လေ့လာသင်ယူကြရလိမ့်မည်ဖြစ်သည်။

စတေဖန်ဟတ်စ်ကဲလ် (Stephen Haskell) သည် ၁၈၃၃ ခုနှစ်တွင် မွေးဖွားသူဖြစ်ပြီး၊ သူသည် အလွန်ငယ်ရွယ်သည့်အချိန်ကပင် တရားစတင်ဟောခဲ့သည်။ သူသည် မြော်လင့်ခြင်းသတင်းစကားကို ယုံကြည်ခဲ့ပြီး၊ သခင်ယေရှုမကြာမီကြွလာမည်ဟူသည့် သူ့၏တရားဟောခြင်းကို ဘယ်တော့မှ မရပ်တန့်ခဲ့ချေ။ သူနှင့် သူ့ဇနီးမေရီ (Mary) တို့သည် သတ္တမနေ့ဥပုသ်အကြောင်းကို လေ့လာခဲ့ကြသောအချိန်တွင် အမှန်တရားကို ရှာဖွေတွေ့ရှိရန်အတွက် သမ္မာကျမ်းစာကိုဆုတောင်း၍ လေ့လာခဲ့ကြသည်။ ထိုနောက် သူတို့သည် ၎င်းအမှန်တရားကို စိတ်အားထက်သန်စွာဖြင့် အခြားသူများအား ဝေငှခဲ့ကြသည်။



မေရီဟတ်စ်ကဲလ်နှင့် အခြားအမျိုးသမီးသုံးဦးတို့သည် သူတို့၏ကလေးများ၊ မိတ်ဆွေများနှင့် အိမ်နီးချင်းများအတွက် ဆုတောင်းပေးဖို့ရန် အတူတကွစတင်စည်းဝေးခဲ့ကြလေသည်။ သို့သော် သူတို့သည် ထိုသူများအတွက်သာ ဆုတောင်းခဲ့ကြသည်မဟုတ်ပေ။ သူတို့သည် သူတို့အားကူညီရန် နည်းလမ်းများစွာကို ရှိခဲ့သည်။ မကြာမီတွင် အမျိုးသမီး အယောက် ၄၀ ကျော်တို့သည် သူတို့နဲ့ အတူ လာရောက်ပူးပေါင်းခဲ့ကြလေသည်။

စတေဖန်နဲ့ မေရီတို့သည် စိတ်ပီတိဖြာခဲ့ကြသည်။ ၁၈၆၉ ခုနှစ်ဇွန်လတွင်၊ အမျိုးသမီး (မေရီ) သည် "နိုးနိုးကြားကြားရှိသော သာသနာအဖွဲ့အစည်း Vigilant Missionary Society (VMS)" ဟူသည့်အဖွဲ့အစည်းကို ဖွဲ့စည်းခဲ့သည်။ မကြာမီတွင်၊ သူတို့သည် အမေရိကနိုင်ငံများနှင့် အခြားများစွာသောနိုင်ငံများ၌ရှိကြကုန်သော လူများထံ ထောင်နှင့်ချီသော ဝေစာ (သို့) စာစောင်ငယ်များကို ပေးပို့ခဲ့ကြလေသည်။ ကုန်ကျစရိတ်များအားလုံးကို သူတို့ကိုယ်တိုင် ပေးခဲ့ကြသည်။ အမျိုးသမီးတစ်ဦးသည် မိမိကိုယ်တိုင် ပြင်သစ်စကားကိုတောင် သင်ယူခဲ့ပြီး၊ အခြားတစ်ဦးမှာ ဂျာမန်ဘာသာစကားကို သင်ယူခဲ့သည်။ ထို့ကြောင့် သူတို့သည် ထိုဘာသာစကားများပြောသောသူများထံသို့ စာရေးပို့ပေးနိုင်ခဲ့ကြသည်။

စတေဖန်ဟတ်စ်ကဲလ်၏အကူအညီဖြင့် အခြားသောအသင်းတော်များသည် မကြာမီတွင် သူတို့၏ကိုယ်ပိုင် ဗီအမ်အက်စ် (VMS) အုပ်စုဖွဲ့များကို ဖွဲ့စည်းခဲ့ကြသည်။ ထိုအကျိုးရလဒ်များမှာ အံ့ဩဖွယ်ကောင်းလှပါသည်။ စာအုပ်စာပေသည် တရားဟောဆရာများ မသွားရောက်နိုင်သည့်နေရာများသို့ သွားနိုင်ခဲ့ပြီး၊ သည့်အပြင် အမှန်တရားအကြောင်းနှင့်ပတ်သတ်၍ ဧဝံဂေလိတရားဟောပြောခြင်းဆိုင်ရာ တရားအစည်းအဝေးသို့ တစ်ကြိမ်မှ မတက်ရောက်နိုင်သော ထောင်ပေါင်းများစွာသောလူများထံသို့ သွားနိုင်ခဲ့သည်။ ဟေရှာယအနာဂတ္တိကျမ်း ၅၅း၁၀၊ ၁၁။

များစွာသော သာသနာပြုများသည် ဆုတောင်းခြင်းပြည့်ဝသော ထိုအမျိုးသမီးများတို့၏ နှိမ့်ချသိမ်မွေ့သောအုပ်စုဖွဲ့မှ အစပြုခဲ့သည်။ များစွာသောဘာသာစကားများဖြင့် စာပေများကို ပုံနှိပ်ထုတ်ဝေသော ပုံနှိပ်တိုက်များ၊ကျမ်းစာ စာပေးစာယူစာသင်ကျောင်းများ၊ အမှုတော်အဖွဲ့အစည်းဌာနများ၊ မြော်လင့်ခြင်းစာအုပ်ဌာနများ၊ စာပေဖြန့်ချီ ဧဝံဂေလိအမှုဆောင်များနှင့် အခြားများစွာသောအရာများကိုလည်း အစပြုခဲ့သည်။

**လက်တွေ့ကျင့်သုံးရန်။** သင်သည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို သူတစ်ပါးအား ဝေငှနိုင်သည့် ဤအရာအားလုံးကို လုပ်ဆောင်နေပါသလား။ ဒေသနာကျမ်း ၁၁း၁၊ ၂၊ ၆၊ ဟေရှာယအနာဂတ္တိကျမ်း ၃၂း၂၀။

## တနင်္လာနေ့ | ဘုရားသခင်၏ဆုကျေးဇူးကို ဝေးကွာစေခြင်း ၂

ဟမ်နမိုသည် သူမ၏အသက်တာကို သာသနာပြုလုပ်ငန်းအတွက် ပေးဆပ်ခဲ့သည်။ ပထမတွင် သူမသည် အုတ္တလာဟိုမာ (Oklahoma) ရှိ အိန္ဒိယလူမျိုးများထံသွားခဲ့ပြီး၊ ထို့နောက် အာဖရိကအနောက်ဘက် လိုဘေရီးယား (Liberia) ၌ရှိသော မိဘမဲ့များထံသို့ သွားခဲ့သည်။ သူမသည် အမေရိက၌အလှည့်အပြောင်းခရီးစဥ်တွင် ဟမ်နမိုသည် စတေဖန်နှင့် မေရီဟတ်စ်ကဲလ် တို့ကို တစ်ကြိမ်တွေ့ဆုံခဲ့သည်။

---

ဉရောပသို့ သာသနာပြုတစ်ယောက်ကို စေလွှတ်မည်ဖြစ်သည်။ သူတို့သည် သူတို့၏အကောင်းဆုံးလူကို စေလွှတ်မည်ဖြစ်သည်။ ထိုစေလွှတ်ခံရသောပုဂ္ဂိုလ်၏အမည်မှာ ဂျွန်အင်ဒရူး (John Andrews) ဖြစ်သည်။ သူ၌စိတ်ကောင်းရှိကြောင်းနှင့် ဓမ္မသစ်ကျမ်း တစ်ခုလုံးကို သူ အ လွတ်ကျက်ထားကြောင်းကို သူတို့သိခဲ့ကြ၏။ အသင်းတော်ခေါင်းဆောင်များသည် သူသည် ဉရောပဘာသာ စကားများကို သင်ယူနိုင်ကြောင်းကို အသေအချာယုံကြည်ခဲ့ကြသည်။

၁၈၇၄ ခုနှစ် အထွေထွေညီလာခံ၌၊ အသင်းတော်ခေါင်းဆောင်များသည် ဆုံးဖြတ်ချက်တစ်ခုကို ချမှတ်ခဲ့သည်။ သူတို့သည်



တစ်လကြာပြီးနောက်၊ ဂျွန်အင်ဒရူးသည် ဉရောပနိုင်ငံများအတွက် သူ၏ငယ်ရွယ်သောကလေးနှစ်ယောက်ဖြစ်သည့် ချားလ်စ် (Charles) အသက် ၁၆ နှင့် မေရီ (Mary)၊ အသက် ၁၂ တို့နှင့်အတူ ထွက်သွားခဲ့သည်။ (သူ့ဇနီးသည် လွန်ခဲ့သော ၂ နှစ်က သေဆုံးခဲ့သည်။) ခရီးရှည်စွာသွားရပြီးနောက်၊ သူတို့သည် ဆွစ်ဇာလန်နိုင်ငံရှိ သူတို့၏အိမ်အသစ်တွင် အခြေချနေထိုင်ခဲ့ကြသည်။

ပြင်သစ်ဘာသာစကား သင်ကြားရန်မှာ ခက်ခဲမည်ဖြစ်ကြောင်း၊ ၎င်းဘာသာကို သင်ကြားရန်အကောင်းဆုံးနည်းလမ်းမှာ အင်္ဂလိပ်လိုပြောခြင်းကို ရပ်ရမည်ဖြစ်ကြောင်း သူတို့သိခဲ့ကြသည်။ ထို့ကြောင့် သူတို့သည် တစ်ဦးနှင့်တစ်ဦးစကားပြောဆိုရာတွင် တစ်ရက် မှ တစ်နာရီကလွဲ၍ ကျန်သောအချိန်များတွင်ပြင်သစ်စကားကိုသာ ပြောရမည်ဟု စိတ်ဆုံးဖြတ်ချက်ချခဲ့ကြသည်။ ထိုနောက် သူတို့သည် ဂျာမနီဘာသာစကားကို စတင်သင်ယူသောအခါ အင်္ဂလိပ်စကားပြောခြင်းကို လုံး ဝ ရပ်တန့်ခဲ့ကြသည်။ ထိုနောက် သူတို့သည် အီတလီဘာသာစကားကို သင်ယူခဲ့ကြသည်။ ချားလ်စ်နှင့် မေရီသည်လည်း သူတို့ဖခင်၏ ပြင်သစ်ဘာသာဖြင့် ပထမဆုံးသော မြော်လင့်ခြင်းမဂ္ဂဇင်းကို စီစစ်ရန်နှင့် ပုံနှိပ်ရန် ကူညီပေးခဲ့ကြသည်။ ၎င်းကို လတ်စိုင်းစ်ဒတ်ထမ်းပ်စ် *Les Signes des Temps* ဟု ခေါ်သည်။

သူတို့သည် ဉရောပတွင် လုပ်ငန်းစတင်နိုင်ခဲ့သော်လည်း အေးချမ်းသည့်ဆောင်းအချိန်များတွင် လုံလောက်သော အစားအစာနှင့် နွေးထွေးမှုမရှိခြင်းက မေရီအား ကိုယ်ခံအင်အား အားနည်းစေခဲ့သည်။ သူသည် တီဘီရောဂါဖြစ်ပွားခဲ့ပြီး၊ အသက် ၁၇ နှစ် အရွယ်၌ သေဆုံးခဲ့သည်။ သူမကို ပြုစုစောင့်ရှောက်ရာတွင် ဂျွန်အင်ဒရူးသည် ရောဂါကူးစက်ခံရပြီး ငါးနှစ်အကြာတွင် သေဆုံးခဲ့ သည်။

**လက်တွေ့ကျင့်သုံးရန်။** ဂျွန်အင်ဒရူးနှင့် သူ၏ ကလေးများသည် ဘုရားသခင်၏အမှုတော်အတွက် ကြီးမားသောဆက်ကပ်မှုများကို ပြုလုပ်ခဲ့ကြသည်။ သူတို့သည် ဘုရားသခင်၏ရှေ့တော်၌ အဘယ်မျှလောက် တန်ဖိုးရှိမည်နည်း။ ဆာလံကျမ်း ၁၁၆း၁၅၊ ၁၂၆း၆။

## သောကြာနေ့ | မဖြစ်နိုင်သည့်သာသနာပြုတစ်ဦး ၆

အာဗြံလာရုသည် ၁၈၂၂ ခုနှစ်၌ မွေးဖွားခဲ့သည်။ သူသည် ကြီးပြင်းလာသောအခါ သင်္ဘောသားဖြစ်လာပြီးကမ္ဘာအနှံ့ရှိ ဆိပ်ကမ်းများသို့ သွားရောက်လည်ပတ်ခဲ့သည်။

အာဗြံလာရုသည် သင်္ဘောသားအဖြစ်ရွက်လွှင့်ခြင်းမှ ထွက်သွားပြီးနောက် သူသည် ကယ်လီဖိုးနီးယားသို့ ရွှေ့ပြောင်းနေထိုင်ခဲ့သည်။ နောက်ထပ်နှစ်အနည်းငယ်အတွင်း သူသည် သိုးများကိုထိန်းကျောင်းပြီး သစ်ခုတ်လုပ်ငန်းကို လုပ်ကိုင်ခဲ့သည်။ သူသည်လည်း မြော်လင့်ခြင်းစာပေများကို ဖတ်ခဲ့ရသည်။ သူသည် အသက် ၄၆ နှစ်ခန့်အရွယ်ရောက်သော အခါ ဝိန်းဒ်ဆော်၌ကျင်းပခဲ့သော ဂျွန်လော့ဒ်ဘိုရော့ချ်၏တရားဟော အစည်းအဝေးအချိန် အတောအတွင်း၌ နှစ်ခြင်းမင်္ဂလာခံယူခဲ့သည်။

တစ်ချိန်တည်းတွင် သူသည် သူနှင့်တွေ့ဆုံသူတိုင်းအား အမှန်တရားကို စတင်ဝေမျှခဲ့သည်။ မကြာမီတွင် မိသားစုနှစ်စုသည် သတ္တမနေ့မြော်လင့်ခြင်းအသင်းသားဖြစ်လာခဲ့ကြသည်။ တစ်ဦးမှာ ဝီလီယမ်ဂရိန်ဂျာဖြစ်ပြီး၊ သူသည် ကျောင်းဆရာဖြစ်သည်။ သူသည် နောက်ပိုင်းတွင် ဟာ့စ်ဘားကောလိပ်၏ကျောင်းအုပ်ကြီး ဖြစ်လာခဲ့သည်။ ယခုတွင် ၎င်းကျောင်းကို ပစိဖိတ်ယူနီယံကောလိပ် (Pacific Union College) ဟု လူသိများလာခဲ့ကြသည်။



အာဗြံလာရုသည် တရုတ်ပြည်သို့ သာသနာပြုချင်ခဲ့သည်။ သို့သော် သူသည် ခက်ခဲသောတရုတ်ဘာသာစကားကို သင်ကြားရန် အသက်အလွန်ကြီးနေပြီးဖြစ်သောကြောင့်နှင့် တရုတ်ပြည်အစား ပစိဖိတ်ပင်လယ်ရှိ ကျွန်းတစ်ကျွန်းသို့သာသွားရန် အသင်းတော်က သူ့ကို အကြံပေးခဲ့သည်။

ဟာ့စ်ဘားကောလိပ်၌ အချိန်အချို့ယူပြီးနောက်တွင် အာဗြံလာရုသည် ဟွာဝေး (Hawaii) သို့ ရွက်လွှင့်ခဲ့သည်။ သင်္ဘောသားဟောင်းသည် စာပေများဝေငှခြင်း၏တန်ဖိုးကို သိရှိခဲ့သည်၊ ထို့ကြောင့် သူသည် မြော်လင့်ခြင်းစာအုပ်များ ရောင်းချခြင်းအမှုကို မိမိကိုယ်တိုင်မရပ်မနားလုပ်ဆောင်ခဲ့သည်။ သူသည် အလွန်အောင်မြင်လာပြီး၊ မကြာမီတွင် အသင်းတော်သည် ဧဝံဂေလိသာသနာပြုတစ်ယောက်ကို ထိုနေရာ၌ အသင်းတော်ဖွဲ့စည်းတည်ထောင်ဖို့ရန် စေလွှတ်ခဲ့သည်။

၁၈၈၈ ခုနှစ်တွင် အာဗြံလာရုသည် ဟွာဝေးမှ ဟောင်ကောင်သို့ ရွက်လွှင့်ခဲ့ပြီး၊ အာရှတိုက်တစ်လျှောက် ပင်လယ်ဆိပ်ကမ်းများတွင် သူ၏ သာသနာပြုလုပ်ငန်းကို ဆက်လက်လုပ်ကိုင်ခဲ့သည်။ သူသည် ထောင်ပေါင်းများစွာသော ဝေစာများ၊ စာရွက်များနှင့် စာအုပ်များကို ရာနှင့်ချီသောသင်္ဘောများပေါ်တွင်ရှိသော သင်္ဘောသားများထံသို့ ပေးကမ်းခဲ့သည်။ သင်္ဘောသားတို့သည် အာဗြံလာရုကို ချစ်ခင်ခဲ့ကြသည်။ သူတို့သည် ဆိပ်ကမ်းတွင် လောင်းကစားခြင်းနှင့် အရက်သောက်ခြင်းများပြုမည့်အစား များစွာသောသူတို့သည် သူ့ဆီသို့လာလည်ခဲ့ကြပြီး လေ့လာခဲ့ကြသည်။

အာဗြံလာရုသည် အသက် ၈၀ ၌ သေဆုံးခဲ့သည်။ သို့သော် သူ၏လုပ်ဆောင်ချက်၏လွှမ်းမိုးမှုသည် မသေဆုံးခဲ့ပေ။ သူပေးကမ်းထားသော စာရွက်များနှင့် စာအုပ်များသည် များစွာသောတိုင်းပြည်များသို့ ရောက်သွားခဲ့ပြီး၊ ၎င်းသည် သာသနာပြုသူများအတွက် အသင်းတော်များ၊ ဆေးရုံများနှင့် စာသင်ကျောင်းများ အစပြုရန် ပို၍ လွယ်ကူစေခဲ့သည်။

**လက်တွေ့ကျင့်သုံးရန်။** အာဗြံလာရုသည် တရားမဟောတတ်၊ စာအုပ်များလည်း မရေး၊ ဘာသာစကားများကိုလည်း မသင်ယူနိုင်ခဲ့ပေ။ သို့သော် သူသည် သူ၏ရရှိထားသောအလင်းကို ထွန်းလင်းခွင့်ပေးခဲ့သည်။ သင်၏အလင်းကို မည်သို့ထွန်းလင်းစေသနည်း။ ရှင်မဿဲ ခရစ်ဝင် ၅း၁၄-၁၆။

© ၂၀၂၃ - My Bible First www.mybiblefirst.org sales@mybiblefirst.org

သူတို့သည် သူမအား မြော်လင့်ခြင်းစာအုပ်စာပေအချို့ကို ပေးခဲ့သည်။

သူမသည် လီဘာရီးယားသို့ ပြန်သွားပြီးနောက်၊ စာအုပ်စာပေများကို လေ့လာခဲ့သည်။ သူမသည် ဥပုသ်နေ့ကို စတင်စောင့်ထိန်းလာပြီး အမှန်တရားကို အခြားသောသာသနာပြုသူများအားလည်း ဝေငှခဲ့သည်။ ထိုသူများထဲမှ တစ်ဦးဖြစ်သော မစ္စတာ ဒစ်ခ်ဆန် (Mr. Dickson) တစ်ဦးတည်းသာလျှင် ဥပုသ်နေ့ကို စောင့်ထိန်းရန်ဆုံးဖြတ်ခဲ့သည်။ ထိုနောက် သူသည် အမိဌာနေ ဩစတြေးလျ (Australia) သို့ ပြန်သွားခဲ့ပြီး၊ ထိုနေရာတွင် သတ္တမနေ့မြော်လင့်ခြင်းသတင်းစကားကို ပထမဆုံးဟောပြောသူဖြစ်လာခဲ့သည်။

သူမသည် ဥပုသ်နေ့ကို စောင့်ထိန်းခဲ့သောကြောင့် ဟမ်နမိုကို အထောက်အပံ့ပေးသောဘာသာရေးဂိုဏ်းသည် သူမအား အမေရိကသို့ ပြန်ပို့ခဲ့သည်။ သူမသွားသောလမ်းတစ်လျှောက်တွင် သူမသည် သူမပေးနိုင်သမျှအတိုင်း စာအုပ်စာပေကို ပေးကမ်းခဲ့သည်။

ဟမ်နမိုးသည် အမှန်တရားကို သူမနှစ်သက်သည်နည်းတူ အမှန်တရားကိုနှစ်သက်သောလူများတို့ကို အလွန်ရင်းနှီးစေချင်ခဲ့သည်။ ထိုကြောင့် သူမသည် ၁၈၆၇ ခုနှစ်တွင် ဘတ်တာခရီးခ် (Battle Creek) သို့ ခရီးသွားခဲ့သည်။ သို့သော် သူမသည် ထိုနေရာ၌ ကြိုဆိုခြင်းမခံရခဲ့ပါ။ သူမ၏အဝတ်အစားများသည် ဟောင်းနွမ်းပြီး စုတ်နေပြီဖြစ်သည်၊ သူမသည် သူမ၏ငွေများအားလုံးကို အမှန်တရားအတွက် သူတစ်ပါးအားဝေငှရန်အသုံးပြုခဲ့သည့်ကတည်းက အသစ်ဝယ်ဖို့ရန် မတတ်နိုင်ခဲ့ခြင်းဖြစ်သည်။ သူမသည် အလုပ်တစ်ခုနှင့် နေထိုင်ရန်နေရာတစ်ခုကို ကြိုးစားရှာဖွေခဲ့သည်၊ သို့သော် "အိုနေသောအမျိုးသမီး" တစ်ယောက်ကို အဘယ်သူမှ မကူညီချင်ခဲ့ကြချေ။

နောက်ဆုံးတွင်၊ သူမ၏ယခင်ကသာသနာဂိုဏ်းမှ သာသနာပြုတစ်ယောက်သည် ဥပုသ်နေ့အကြောင်းကို မဟောပြောဖို့ ကတိပေးလျှင် အနောက်ဘက် မက်ချီဂန် (Michigan) တွင် သူ့မိသားစုနဲ့အတူ နေထိုင်ရန် သူမအားဖိတ်ခေါ်ခဲ့လေသည်။ ထိုသို့ ကမ်းလှမ်းခြင်းကို လက်ခံကျေးဇူးတင်ခဲ့သည်။ ဟမ်နမိုသည် သတ္တမနေ့မြော်လင့်ခြင်းယုံကြည်သူများ၏ အေးစက်စက်နေနိုင်ခြင်းကြောင့် စိတ်ရှုပ်ထွေးပြီး ဘတ်တာခရီးခ်မှ ထွက်ခွာခဲ့သည်။

အဘယ်သို့ဖြစ်ပျက်ခဲ့သည်ကို အယ်လင်ဝှိုက်သည် ကြားသိသောအခါတွင် သူမသည် အသင်းသူအသင်းသားများကို ဆုံးမဩဝါဒပေးခဲ့သည်။ သူမသည် သူတို့အနေဖြင့် သူတို့၏တူရိယာများ၊ တေးသီချင်းများနှင့် အပန်းဖြေမှုများကိုတက်ရောက်ရန်အချိန်ရှိကြောင်းကို သူတို့ကို သတိပေးခဲ့သည်။ သို့သော် အမှန်တရားကို ချစ်မြတ်နိုးသူများနှင့် မိတ်ဆွေဖြစ်လိုသောဆင်းရဲနွမ်းပါးသော၊ ပင်ပန်းနွမ်းနယ်နေသော၊ တစ်ယောက်တည်းအထီးကျန်နေသော သာသနာပြုတစ်ယောက်ကို သူတို့အချိန်မပေးခဲ့ကြချေ။ အယ်လင်ဝှိုက် ရေးသားခဲ့သည်မှာ သူတို့၏တစ်ကိုယ်ကောင်းဆန်သောနှလုံးသားကို ထိမိသင့်ပါသည်၊ သို့သော် မည်သူတစ်ယောက်မှ စိတ်အနှောင့်အယှက် မဖြစ်လိုခဲ့ကြပေ။ ထိုနှစ်၏အေးချမ်းသောဆောင်းရာသီအတွင်းတွင် လုံလောက်သောအစာနှင့်အပူမရရှိသဖြင့် ဟမ်နမိုသည် ဖျားနာပြီး သေဆုံးခဲ့သည်။ သူမသည် "အမည်ခံပညတ်တော်ကိုစောင့်ရှောက်သူများ၏ တစ်ကိုယ်ကောင်းဆန်ခြင်းနှင့် ပစ္စည်းဥစ္စာကိုသာ တပ်မက်သောသူတို့အတွက် စံနမူနာ ယူစရာအာဇာနည်တစ်ယောက်" ဖြစ်ခဲ့သည်။

ဘုရားသခင်သည် အသင်းတော်အား အထူးဆုကျေးဇူးတစ်ခု ပေးပို့ခဲ့သည်။ ဟမ်နမိုကို ကြိုဆိုခဲ့မည်ဆိုလျှင် သူမသည် များမကြာမီ အခြားနိုင်ငံများသို့ သာသနာလုပ်ငန်းအစပြုရန် ကူညီပေးနိုင်မည်ဖြစ်သည်။ သို့သော် ဘုရားသခင်၏ဆုကျေးဇူးကို လမ်းလွှဲ ဝေးကွာစေခဲ့ကြသည်။ အတ္တမာနတရားနှင့် တစ်ကိုယ်ကောင်းဆန်ခြင်းသည် တန်ဖိုးရှိသော အသက်ဝိညာဉ်များစွာကို ဆုံးရှုံးမှုဖြစ်စေခဲ့ပါသည်။

**လက်တွေ့ကျင့်သုံးရန်။** အသင်းတော်သည် "အိုနေသောအမျိုးသမီးတစ်ဦး" တည်းကိုသာ ဆုံးရှုံးခဲ့သလား။ ရှင်မဿဲခရစ်ဝင် ၂၅:၄၃၊ ၄၅။ သင်သည် သခင်ယေရှုခရစ်တော်ကို သင့်အိမ်ထောင်၌ အဘယ်သို့ ကြိုဆိုလက်ခံနိုင်မည်နည်း။ ရှင်မဿဲခရစ်ဝင် ၂၅:၃၁-၄၆၊ ဟေဗြဲ ဩဝါဒစာ ၁၃:၁၊ ၂။

## အင်္ဂါနေ့ ၊ စာအုပ်စာပေဖြင့် ဧဝံဂေလိအမှုဆောင်ခြင်း ၃

ကနေဒါနိုင်ငံ (Canada) မှ လူငယ်တစ်ဦးဖြစ်သော ဂျော့ချ်ကင်း (George King) သည် တရားဟောဆရာတစ်ယောက် ဖြစ်ချင်ခဲ့သည်။ သို့သော် သူက ကောင်းသောတရားဟောဆရာတစ်ယောက်အမြဲ ဖြစ်လာလိမ့်မည်ဟု ဂျိမ်းစ်ဝှိုက်က မထင်ခဲ့ပေ။ ထိုကြောင့် သူသည် ထိုလူငယ်လေးအား သူတို့၏အိမ်တွင် တရားဟောလေ့ကျင့်ခွင့်ပေးရန် မိတ်ဆွေအချို့ကို တောင်းဆိုခဲ့သည်။




ဆုံးဖြတ်ချက်ပြီးသောထိုလူငယ်လေးသည် သူ၏ပထမဆုံးတရားဟောချက်အတွက် အသင့်ဖြစ်စေရန် ကြိုးကြိုးစားစား လုပ်ဆောင်လေ့ကျင့်ခဲ့သည်။ သူသည် သူ့မိတ်ဆွေနေထိုင်သော အခန်းထဲ၌ လူမရှိသောထိုင်ခုံများရှေ့တွင် တရားဟောလေ့ကျင့်ခဲ့သည်။ နံနက်တိုင်း စောစောပိုင်းတွင် သူ့အခန်းထဲတွင် သူဆုတောင်းနေသည်ကို ကြားရသည်။ သို့သော် သူ၏တရားဒေသနာသည် စိတ်ပျက်စရာကောင်းလောက်အောင် အောင်မြင်ခြင်းမရှိခဲ့ပါ။ သူသည် တရားဟောဆရာတစ်ယောက် ဘယ်တော့မှ မဖြစ်နိုင်ကြောင်းကို သူသိခဲ့လေသည်။

လူငယ်အများစုသည် အရှုံးပေးကြလိမ့်မည်ဖြစ်သည်၊ သို့သော် ဂျော့ချ်ကင်းသည် အရှုံးမပေးခဲ့ချေ။ သူသည် ဘုရားသခင် အတွက် အလုပ်လုပ်ရန် စိတ်ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။ သူအခြားအရာတစ်ခုခုကို ကြိုးစားကြည့်ရန် သူ့မိတ်ဆွေများက သူ့ကို "သင်သည် တရားမဟောနိုင်ဘူးဆိုလျှင် လူများကို သူတို့ရဲ့အိမ်များသို့သွားပြီး အမှန်တရားအကြောင်း ပြောပြဖို့ရန် ဝေစာများကို ဝေမျှပါ။ ယင်းဝေစာများက သင့်အတွက်ဟောပြောနိုင်ပါသည်" ဟု အကြံပေးခဲ့ကြသည်။

ဘုရားသခင်သည် သူ့ကြိုးစားအားထုတ်မှုများကို ကောင်းကြီးပေးလိမ့်မည်ဟု ယုံကြည်ခြင်းအားဖြင့် သူသည် စာအုပ်စာပေအချို့ တို့ကို ယူဆောင်ပြီး ထွက်သွားခဲ့သည်။ တစ်ပတ်တာ၏နောက်ဆုံးရက်တွင် ဝေစာအများစုကို ဝေမျှနိုင်ခဲ့သည်။ အချို့စာပေများကိုတောင် ရောင်းခဲ့ရသည်။ မြော်လင့်ခြင်းစာပေများကို ရောင်းခြင်းသည် သာသနာလုပ်ငန်း၏ အံ့ဩဖွယ်ကောင်းသောနည်းတစ်မျိုးဖြစ်သည်ကို သိရှိနားလည်ပြီး သူသည် ဝေစာများ၊ မဂ္ဂဇင်းများနှင့် ကျန်းမာရေးစာပေများကို ဆက်လက်ရောင်းခဲ့လေသည်။ မကြာခင်မှာပဲ ကျန်းမာရေးဆိုင်ရာစာ အုပ်ကြီးတစ်အုပ်ထုတ်ဝေတော့မည့်စာအုပ်ကို ပုံနှိပ်မထုတ်ခင်မှာ သူသည် မိတ္တူအများကြီး ကြိုတင်မှာယူခဲ့သည်။

ထို့နောက်၊ ၁၈၈၀ ခုနှစ်ပြည့်လွန်နှစ်များ အစောပိုင်းတွင် ဂျော့ချ်ကင်းသည် ဒံယေလအနာဂတ္တိကျမ်းနှင့် ဗျာဒိတ်ကျမ်းတို့၏ ပရောဖက်ပြုချက်များကို ဥရိယစမစ်၏စာအုပ်နှစ်အုပ်ကို ပေါင်းစပ်ရန် အသင်းတော်ခေါင်းဆောင်များအား တိုက်တွန်းခဲ့သည်။ ဆွေးနွေးမှုများစွာ ပြုလုပ်ပြီးနောက် မိတ္တူ ၅၀၀၀ ကိုပုံနှိပ်ရန် သူတို့သဘောတူခဲ့ကြသည်။ ၎င်းသည် စာအုပ်အများကြီးဖြစ်စေခဲ့သည်။ ၎င်းတို့ကို အဘယ်သူရောင်းမည်နည်း။ အဘယ်သူက ဝယ်ယူမည်နည်း။



သို့သော် စိတ်ပူပန်စရာမလိုအပ်ခဲ့ပေ။ စိတ်အားထက်သန်သော ဂျော့ချ်ကင်းသည် ထိုအဆောက်အဦးမှ မထွက်ခွာခင်ကပင် ပထမဆုံးစာအုပ်ကို ရောင်းခဲ့ပြီးဖြစ်သည်။ ၎င်းသည် မိတ္တူတိုင်းကို မရောင်းခင် သိပ်မကြာခင်မှာပဲဖြစ်သည်။

မကြာခင်မှာပဲ သူသည်စာအုပ်များကိုရောင်းဖို့ရန် အခြားသူများကို လေ့ကျင့်ပေးခဲ့လေသည်။ ဤကော်လ်ပေါ်တာ (ခေါ်) စာအုပ်များလှည့်လည်ရောင်းချသူအချို့သည် ကမ္ဘာတစ်ဝန်းရှိနိုင်ငံများစွာ၌ အလားတူအလုပ်ကို စတင်ခဲ့ကြသည်။ ဤသည် စာအုပ်စာပေဖြင့် ဧဝံဂေလိအမှုဆောင်ခြင်းဟု ယခုခေါ်ဆိုရခြင်း၏ အစဆုံးဖြစ်သည်။

**လက်တွေ့ကျင့်သုံးရန်။** ကျွန်ုပ်တို့၏အစီအစဉ်၊ စီမံကိန်းသည် မကြာခဏကျဆုံးသည်၊ သို့သော် ကျွန်ုပ်တို့အတွက် သာ၍ ကောင်းသော ဘုရားသခင်၏အစီအစဉ်သည် အောင်မြင်လိမ့်မည်။ ယေရှာယအနာဂတ္တိကျမ်း ၅၅:၈၊ ၉။

## ဗုဒ္ဓဟူးနေ့ ၊ ကယ်လီဖိုးနီးယားပြည်နယ်သို့ ၄

တစ်ချိန်က မြော်လင့်ခြင်းယုံကြည်သူများသည် ကယ်လီဖိုးနီးယားကို သာသနာမစ်ရှင်နယ်မြေတစ်ခုအဖြစ် သတ်မှတ်ခဲ့သည်ကို သင်သိပါသလား။ ၁၈၆၈ ခုနှစ်တွင် သူတို့သည် တဲကြီးတစ်လုံးကိုဝယ်ယူရန်နှင့် ဂျွန်လော့ဒ်ဘိုရော့ချ် (John Loughborough) နှင့် ဒန်နီယယ်ဘာဒီ (Daniel Bourdeau) ကို သာသနာပြုများအဖြစ် ထိုနေရာသို့စေလွှတ်ရန် ဒေါ်လာတစ်ထောင် မတည်ကောက်ခံခဲ့သည်။ ထို အချိန်အခါတွင် ကယ်လီဖိုးနီးယားသို့သွားခြင်းသည် ကမ္ဘာ၏အခြားတစ်ဘက်ခြမ်းသို့ ခရီးသွားခြင်းနှင့်တူပေသည်။ သူတို့သည် ထိုနေရာသို့ရောက်ဖို့ရန် သုံးပတ်လောက်ကြာညောင်းခဲ့ရသည်။



သူတို့ရောက်သောအခါ အယ်လင်ဝှိုက်ထံမှ စာတစ်စောင်သည် သူတို့ကို စောင့်နေခဲ့သည်။ သူမသည် ကယ်လီဖိုးနီးယား၌ အောင်မြင်သောဧဝံဂေလိသာသနာဖြစ်ဖို့အတွက် သူမအား ဘုရားသခင်ပေးခဲ့သည့် ညွှန်ကြားချက်ကို ရေးသားခဲ့သည်။ သူတို့ကို စောင့်ဆိုင်းနေစဉ် ခရစ်ယာန် အမျိုးသားတစ်ယောက်သည် ဆုတောင်းပြီးနောက် အိမ်မက်တစ်ခုကို ရရှိပြီး၊ ၎င်းအိမ်မက်ထဲ၌ သူက အရှေ့ဘက်မှ တဲတစ်တဲနှင့်အတူ သာသနာပြုနှစ်ဦးကို ရှာဖွေရန် ခေါ်ဆောင်သွားခြင်းခံခဲ့ရသည်။ သူသည် သူတို့ကိုခေါ်ဖိတ်ပြီး သူနေထိုင်သောမြို့ဖြစ်သည့် ပက်တလူမာ (Petalu -ma) မြို့၌ တရားအစည်းအဝေးများကျင်းပရန် ညွှန်ကြားခြင်းခံခဲ့ရသည်။

လော့ဒ်ဘိုရော့ချ် နှင့် ဘာဒီတို့သည် ဘုရားသခင်၏လမ်းပြမှုကို ခံယူပြီး သူတို့၏တဲကိုတည်လုပ်ပြီး တရားဟောအစည်းအဝေးများကို ကျင်းပကြခဲ့သည်။ ဒေသခံသာသနာပြုများတို့သည် သူတို့ကို တားဆီးရန် ကြိုးပမ်းခဲ့ကြသော်လည်း အစည်းအဝေးများအား ကြေငြာရန် သူတို့၏ ကြိုးပမ်းမှုများက အမှန်တကယ်အကူအညီဖြစ်စေခဲ့သည်။ တရားဟောအစည်းအဝေးများပြီးဆုံးသည့်နောက်၊ လူ အယောက် ၂၀ တို့သည် အမှန်တရားကို လက်ခံခဲ့ကြသည်။

နောက်ထပ်အစည်းအဝေးများ အစီအစဉ်များကို ဝိန်းဒ်ဆော် (Windsor) ၌ ကျင်းပခဲ့ကြသည်။ ထိုတရားဟောအစည်းအဝေးမှ ပြောင်းလဲလာသူတစ်ဦးမှာ အာဗြံလာရု (Abram La Rue) ဖြစ်သည်။ သူသည် တရုတ်ပြည်သို့ ပထမဆုံးမြော်လင့်ခြင်းသာသနာပြုတစ်ယောက်ဖြစ်လိမ့်မည်ဟု သူတို့မသိခဲ့ကြပေ။ ထို့အပြင် ထိုအစည်းအဝေးသို့တက်ရောက်ခဲ့သောသူ အခြားအမျိုးသားတစ်ဦး၏အမည်မှာ ဂျေအက်ဖ်ဝုတ် (J. F. Wood) ဖြစ်သည်။ သူသည် ဥပုသ်နေ့အကြောင်းကို သူ့အားအမြဲပြောပြနေသောအိမ်နီးချင်းတစ်ဦးထံမှ ဝေးကွာစေဖို့ရန် ကယ်လီဖိုးနီးယားသို့ ပြောင်းရွှေ့သွားခဲ့သည်။ ယခုတွင် သူသည် ဥပုသ်နေ့ကို လက်ခံပြီး၊ မကြာမီတွင် သူသည် ဝါရှင်တန်သို့ ပြန်သွားခဲ့၍ ထိုနေရာ၌ သူကိုယ်တိုင် တရားဟောအစည်းအဝေးများကို ကျင်းပပြီး အသင်းတော်တစ်ခုကို ဖွဲ့စည်းခဲ့သည်။

ဘုရားသခင်သည် မိမိသာသနာပြုများကို ပေးနေသည့်အောင်မြင်ခြင်းကြောင့် ဂျွန်လော့ဒ်ဘိုရော့ချ်က ဥပုသ်နေ့တစ်ရက်၌ တရားအစည်းအဝေးတွင် တရားဟောဖို့ခရီးသွားသောအခါ စိတ်ဆိုးသောလူတစ်ဦးသည် သူ့ကိုသတ်ရန် ဆုံးဖြတ်၍ကြိုးပမ်းခဲ့သည်။ သို့သော် ထိုလူစောင့်မျှော်နေသည့်အချိန်ထက်ပို၍ စောစော သွားခဲ့သည်။ အစည်းအဝေး မစတင်ခင် လော့ဒ်ဘိုရော့ချ်သည် လက်ကိုင်တုတ်နှင့် ဓါးတစ်လက်ကိုင်ဆောင်၍ လမ်းမပေါ်၌ လမ်းလျှောက်နေသည့် ထိုလူကို စောင့်ကြည့်ခဲ့သည်။ ဘုရားသခင်၏ကာကွယ်မှုအတွက် ကျေးဇူးတင်ခြင်းအားဖြင့်၊ သူက "ငါ့ကို လမ်းပေါ်သို့တက်လာပြီး ငါ့ကိုစောင့်နေခြင်း အချိန်ကောင်းတစ်ခုရရှိလိမ့်မည်ဟု ငါမျှော်လင့်သည်" ဟု ပြောဆိုခဲ့သည်။

**လက်တွေ့ကျင့်သုံးရန်။** ဘုရားသခင်သည် မိမိအစေခံများကို မသိမြင်နိုင်သောအန္တရာယ်များမှ မကြာခဏ ကာကွယ်ပေးထားသည်။ ဆာလံကျမ်း ၉၁:၉-၁၁၊ ၉၇:၁၀။ ဘုရားသခင်က သင့်ကိုကာကွယ်ပေးခဲ့သည့် အချိန်ကို သင်စဉ်းစားလို့ရနိုင်သလား။

## ကြာသပတေးနေ့ ၊ ပထမဆုံးပြင်ပသာသနာပြု ၅



နှစ်ပေါင်းများစွာကြာလာသောအခါတွင် သတ္တမနေ့မြော်လင့်ခြင်း အသင်းတော်ခေါင်းဆောင်တို့သည် အမှန်တရားကို ဝေမျှရန် ခရစ်ယာန်သာသနာပြုများစေလွှတ်ဖို့ရန်အတွက် ဥရောပတိုက်မှတောင်းဆိုသည့်စာများကို လက်ခံရရှိခဲ့ကြသည်။ သို့သော် အသင်းတော်သည် သာသနာပြုများကို အခြားတိုင်းပြည်များသို့ မစေလွှတ်ခဲ့သေးချေ။

အယ်လင်ဝှိုက်သည် သူတို့၏ရည်ရွယ်ချက်အမြင်များကို တိုးချဲ့ကြရန် အသင်းတော်ကို အားပေးတိုက်တွန်းခဲ့သည်။ သူတို့၏စီမံကိန်းများသည် အလွန်အကန့်အသတ်ဖြစ်လွန်းသည်၊ သာသနာပြုများကို စေလွှတ်ရမည်ဖြစ်သည်ဟု သူမက ပြောဆိုခဲ့သည်။ သူမက အမှန်တရား (သမ္မာတရား) ကို မြို့များအားလုံး၊ ကျေးရွာများအားလုံးထံသို့ ပေးပို့ရမည်ဖြစ်သည်ဟု ပြောဆိုခဲ့သည်။ ၎င်းအလုပ်သည် ငွေအကုန်အကျများလိမ့်မည်ဖြစ်သော်ငြားလည်း ဤအရေးကြီးသော လုပ်ငန်းမှ သူတို့အတွက်သာ မထိန်းသိမ်းသင့်ပါ။